ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်

## (Environmental Compliance Certificate – ECC)

သက်သေခံလက်မှတ်အမှတ်။ ECC( ၁၃၃၂ ) ရက်စွဲ။ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ(ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၉/၂၀၁၂)နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ဆိုင်ရာ လုပ်ထုံးလုပ်နည်း(အမိန့်ကြော်ငြာစာအမှတ် ၆၁၆/၂၀၁၅) တို့အရ နောက်ဆက်တွဲ(က)တွင် ဖော်ပြထားသော အဆိုပြုစီမံကိန်းအား နောက်ဆက်တွဲ(ခ)ပါ စည်းကမ်းချက်များကို လိုက်နာ ဆောင်ရွက်စေလျက် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံ လက်မှတ်(Environmental Compliance Certificate – ECC)ကို ထုတ်ပေးလိုက်သည်-

| | | | |
|---|---|---|---|
| (က) | စီမံကိန်းအဆိုပြုသူ | - | ဦးမြင့်ဦး<br>မန်နေးဂျင်းဒါရိုက်တာ |
| (ခ) | ဆက်သွယ်ရန်လိပ်စာ | - | Ayeyarwaddy Food Industries Co.,Ltd.<br>No.333, Pyi Road, Sanchaung Tsp ,Yangon Region<br>09-403476705၊ 09-976 536389 |
| (ဂ) | စီမံကိန်းအမျိုးအစား | - | အသင့်စားခေါက်ဆွဲခြောက်၊ မုန့်ခေါက်ဆွဲခြောက်ထုတ်လုပ် ထုတ်လုပ်ခြင်းလုပ်ငန်း |
| (ဃ) | စီမံကိန်းကာလ | - | အခွင့်အမိန့်ရ အဖွဲ့အစည်းက ခွင့်ပြုသည့်ကာလ |
| (င) | စီမံကိန်း၏ အရွယ်အစား | - | ၂.၃၄ ဧက |
| (စ) | စီမံကိန်းတည်နေရာ | - | No.109, Seikkan Thar Street, Hlaing Tharyar Industrial Zone(3), Hlaing Tharyar Township Yangon Region |
| (ဆ) | ECC သက်တမ်း(၅)နှစ် | - | စတင်ထုတ်ပေးရက် - ၆-၁၂-၂၀၂၂<br>သက်တမ်းကုန်ဆုံးရက် - ၅-၁၂-၂၀၂၇ |
| (ဇ) | အတည်ပြုအစီရင်ခံစာ | - | ညွှန်ကြားရေးမှူးရုံး။ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး၏ ၂၁-၁၀-၂၀၂၂ ရက်စွဲပါ တင်ပြသည့် "ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP)" |



၂၉.၈.၂၀၂၅

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)
(လှမောင်သိန်း၊ အမြဲတမ်းအတွင်းဝန်)
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

**စည်းကမ်းချက်များ**

၁။ စီမံကိန်းအဆိုပြုသူသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရမည်-

(က) ဤသက်သေခံလက်မှတ်၏ နောက်ဆက်တွဲပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန်၊

(ခ) ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို ကြိုတင်ကာကွယ်ရေး၊ အနိမ့်ဆုံး ဖြစ်စေရေးနှင့် ထိခိုက်မှုများကို ပြန်လည်ကုစားရေး ဆောင်ရွက်ပေးရန်၊

(ဂ) စီမံကိန်းအဆိုပြုသူ၏ စီမံကိန်းဆိုင်ရာ ကတိကဝတ်များနှင့် လိုက်နာထမ်းဆောင်ရမည့် တာဝန်များကို သတ်မှတ်ရန်၊

(ဃ) လက်ခံနိုင်သော ပတ်ဝန်းကျင်အရည်အသွေးဖြစ်စေရေးအတွက် စံချိန်စံညွှန်းများနှင့် အရည်အသွေးတိုင်းတာရေးနည်းလမ်းများ သတ်မှတ်ရန်၊

(င) စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်းတို့ကို ပုံမှန်ဆောင်ရွက်စေရန်၊

(စ) စီမံကိန်းတွင် စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည့် ပတ်ဝန်းကျင်စီမံခန့်ခွဲရေး အစီအမံတစ်ရပ်ကို ရေးဆွဲဆောင်ရွက်ရန်၊

(ဆ) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား (၆) လ တစ်ကြိမ် ရေးဆွဲတင်ပြရန်၊

(ဇ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအရွယ်အစား၊ တည်နေရာ၊ ဆက်သွယ်ရန်လိပ်စာ၊ လုပ်ငန်း ဆောင်ရွက်မှု ရှိ/ မရှိ အခြေအနေများ ပြောင်းလဲမှုရှိပါက ဝန်ကြီးဌာနသို့ ဆက်သွယ် အကြောင်းကြားရန်၊

(ဈ) ဤဝန်ကြီးဌာနမှ အခါအားလျော်စွာ ထုတ်ပြန်သောအမိန့်၊ ညွှန်ကြားချက်များကို လိုက်နာ ဆောင်ရွက်ရန်၊

(ည) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် လုပ်ငန်းဆောင်ရွက်ရန်အတွက် ခွင့်ပြုမိန့်ထုတ်ပေးခြင်း မဟုတ်ဘဲ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စည်းကမ်းချက်များအား လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး မြေအသုံးပြုခွင့်နှင့် လုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့်တို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနသို့မဟုတ် အခွင့်အမိန့်ရ အဖွဲ့အစည်းများ၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များ နှင့်အညီ ရယူလိုက်နာဆောင်ရွက်ရန်၊

(ဋ) ဤသက်သေခံလက်မှတ်သည် လုပ်ငန်းပိုင်ဆိုင်မှုနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၂။ သက်ဆိုင်ရာ ခွင့်ပြုမိန့်ထုတ်ပေးသည့်ဌာနမှ ခွင့်ပြုမိန့် ပယ်ဖျက်လျှင်သော်လည်းကောင်း၊ သက်တမ်းတိုးပေးခြင်း မရှိလျှင်သော်လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းရှိစေကာမူ ဤသက်သေခံလက်မှတ်၏ သက်တမ်းသည်လည်း အလိုအလျောက် ကုန်ဆုံးသည်ဟု မှတ်ယူရမည်။

နောက်ဆက်တွဲ (က)

**Ayeyarwaddy Food Industries Co.,Ltd. မှ အကောင်အထည်ဖော်ဆောင်ရွက်မည့် အသင့်စားခေါက်ဆွဲခြောက်၊ မုန့်ခေါက်ဆွဲခြောက်ထုတ်လုပ်ခြင်းလုပ်ငန်း အတွက် စီမံကိန်းအကြောင်းအရာ**

၁။ Ayeyarwaddy Food Industries Co.,Ltd.မှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အသင့်စားခေါက်ဆွဲခြောက်၊ မုန့်ခေါက်ဆွဲခြောက်ထုတ်လုပ်ခြင်းလုပ်ငန်းအတွက် ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး၏ ၂၁-၁၀-၂၀၂၂ ရက်စွဲပါ စာအမှတ်၊ ၂/၈/၇(၀၁-၀၂)(၁၉၇၂/၂၀၂၂) ဖြင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်(EMP)ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate –ECC) ထုတ်ပေးခြင်း ဖြစ်သည်။

၂။ **စီမံကိန်းအဆိုပြုသူ။** ဦးမြင့်ဦး၊ မန်နေးဂျင်းဒါရိုက်တာ၊ အမှတ်(၃၃၃)၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ၀၉-၉၇၆၅၃၆၃၈၉၊ ၀၉-၄၀၃၄၇၆၇၀၅ ဖြစ်ပါသည်။

၃။ **စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်။** ကုန်ထုတ်လုပ်မှုလုပ်ငန်းစဉ်မှာ အသင့်စားခေါက်ဆွဲခြောက်ထုတ်လုပ်ရာတွင် Flour Mixer ဖြင့် ဂျုံနှင့် Mixing Waterကိုမွှေ၍ ဂျုံပြား၊ ခေါက်ဆွဲမျှင်ပြုလုပ်ကြောင်း၊ ရေနွေးငွေ့ဖြင့်ပေါင်းခြင်း၊ ခေါက်ဆွဲအရွယ်အစားဖြတ်တောက်ခြင်း၊ Soup အရည်ဖြန်းပေးခြင်း၊ ခေါက်ဆွဲကြော်ခြင်း၊ ခေါက်ဆွဲကိုအအေးခံခြင်း၊ သတ္တုစပါဝင်မှုကို စစ်ဆေးဖယ်ရှားခြင်း၊ Noodle Wrapping Machine ဖြင့် MFG, EXP တံဆိပ်ရိုက်ခြင်းနှင့် အိတ်ပိတ်ခြင်းတို့ဖြစ်ကြောင်း၊ မုန့်ခေါက်ဆွဲခြောက်(Snack)ထုတ်လုပ်ရာတွင် Powder Mixing ပြုလုပ်ခြင်း၊ Snack Packing ပြုလုပ်ခြင်း၊ MFG/ EXP ရိုက်နှိပ်ခြင်းတို့ဖြစ်ကြောင်းဖော်ပြထားပါသည်။

၄။ **အသုံးပြုကုန်ကြမ်းပစ္စည်းများ။** တစ်နှစ်တာကုန်ကြမ်းလိုအပ်ချက်မှာ Wheat Flour ၁၂၂၇၃၁.၅ အိတ်၊ Normal Salt ၁၂၂၀၅၂.၂ ကီလိုဂရမ်၊ Normal Sugar ၁၅၄၇၈၈.၇ကီလိုဂရမ်၊ Premex Seasoning ၄၆၂၃၈.၈ ကီလိုဂရမ်၊ Refine Salt ၁၂၈၃၄၈.၁ကီလိုဂရမ်၊ Chilli Powder ၄၀၀၈၉.၉ ကီလိုဂရမ်၊ Palm Oil ၈၉၃၁၅၈.၅ ကီလိုဂရမ်ဖြစ်ကြောင်း၊ ဓာတုပစ္စည်းလိုအပ်ချက်မှာ Ammonium Chloride 800 gram၊ Hydrochloric Acid 100ml၊ Magnesium Sulphate 40 gram၊ Potassium Carbonate 300 gram၊ Sodium bicarbonate 0.3 gram ဖြစ်ကြောင်း၊ ရေလိုအပ်ချက်မှာ ပန်းလှိုင် မြစ်မှ ရယူမည်ဖြစ်ကြောင်း၊ခန့်မှန်းရေလိုအပ်ချက်မှာ တစ်နေ့လျှင် ၁၄၀ ကုဗမီတာ ဖြစ်ကြောင်း၊ ဘွိုင်လာ အသုံးပြုရန်ရေတစ်နေ့လျှင် ၇၅ ကုဗမီတာ၊အထွေထွေအသုံးပြုရန် ၅၀ ကုဗမီတာ၊ ကုန်ထုတ်လုပ်မှုအတွက် အသုံးပြုရေတစ်နေ့လျှင် ၁၅ ကုဗမီတာဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အားကို ရန်ကုန်လျှပ်စစ်ဓာတ်အားပေး ကော်ပိုရေးရှင်းမှ ရယူမည်ဖြစ်ကြောင်း၊ လစဉ် လျှပ်စစ်ဓာတ်အားလိုအပ်ချက်မှာ ၁၀၀,၀၀၀ ယူနစ်ဖြစ်ကြောင်း၊ အရန်လျှပ်စစ်အဖြစ် မီးစက်အသုံးပြုမည်ဖြစ်ကြောင်း၊ တစ်နှစ်ဒီဇယ်လိုအပ်ချက်မှာ ၆၀၀၀ ဂါလန်ဖြစ်ကြောင်း၊ စုစုပေါင်း ဝန်ထမ်းအရေအတွက် ၅၇၁ ဦးဖြင့် လုပ်ငန်း

လည်ပတ်လျက်ရှိကြောင်း၊ Boiler ကို လုပ်ငန်းလည်ပတ်နေစဉ် (၄)နာရီတစ်ကြိမ် Blow Down ပြုလုပ်မည်ဖြစ်ကြောင်း၊ Boiler မောင်းနှင်ရန်အသုံးပြုမည့် စပါးခွံ(ဖွဲ)များကို Husk Store အတွင်း စနစ်တကျထားရှိမည်ဖြစ်ကြောင်း၊ ဖွဲဂိုဒေါင်တွင်ဖွဲပမာဏ (100,000)kg ခန့်ထားရှိမည်ဖြစ်ကြောင်း၊ Boiler မှ ထွက်ရှိသော ဖွဲပြာများကို စပါးခွံတင်သွင်းသော ရောင်းချသူများနှင့် စိုက်ပျိုးရေးခြံလုပ်ငန်းများကို ဖြန့်ဖြူးပေးလျက်ရှိကြောင်း ၊ ခေါက်ဆွဲကြော်သည့် စွန့်ပစ်ဆီပမာဏမှာ တစ်လလျှင် 552 kg ထွက်ရှိကြောင်း၊ အဆိုပါဆီများကို ဆပ်ပြာထုတ်လုပ်သည့် လုပ်ငန်းများသို့ Recycle Purpose အနေဖြင့် တစ်လလျှင် ၂ ကြိမ် ပြန်လည်ရောင်းချကြောင်း ဖော်ပြထားပါသည်။

၅။ **စီမံကိန်းတည်နေရာ။** ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ လှိုင်သာယာစက်မှုဇုန် (၃)၊ ဆိပ်ကမ်းသာလမ်း၊ အကွက်အမှတ်(၁၀၉)၊ မြေဧရိယာ ၂.၃၄ ကေတွင်တည်ရှိပါသည်။

**Ayeyarwaddy Food Industries Co.,Ltd. မှအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အသင့်စားခေါက်ဆွဲခြောက်၊ မုန့်ခေါက်ဆွဲခြောက်ထုတ်လုပ်ခြင်းအတွက် တည်နေရာပြမြေပုံ**


Environmental Management Plan Report
AYEYARWADDY FOOD INDUSTRIES CO., LTD




**Map Showing Coordinate Points of the Factory**

## Ayeyarwaddy Food Industries Co.,Ltd. မှအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အသင့်စားခေါက်ဆွဲခြောက်၊ မုန့်ခေါက်ဆွဲခြောက် ထုတ်လုပ်ခြင်းအတွက် layout pLan

1 PLANT LAYOUT




Factory Layout and Buildings

# Ayeyarwaddy Food Industries Co.,Ltd. မှအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အသင့်စားခေါက်ဆွဲခြောက်၊ မုန့်ခေါက်ဆွဲခြောက် ထုတ်လုပ်ခြင်းအတွက် ထုတ်လုပ်ပုံအဆင့်ဆင့်

## ခေါက်ဆွဲထုတ်လုပ်ခြင်း

| စက်ကိရိယာ | အသုံးပြုပုံ |
|---|---|
| Flour Mixer | ဂျုံနှင့်Mixing waterကိုမွှေခြင်း။ |
| ↓ | |
| Roller & Slitter | ဂျုံပြားပြုလုပ်ခြင်း၊ ခေါက်ဆွဲမျှင်ပြုလုပ်ခြင်း။ |
| ↓ | |
| Steamer | ရေနွေးငွေ့ဖြင့်ပေါင်းခြင်း။ |
| ↓ | |
| Cutter | ခေါက်ဆွဲအရွယ်အစားဖြတ်တောက်ခြင်း။ |
| ↓ | |
| Soup Sprayer | Soupအရည်ဖြန်းပေးခြင်း။ |
| ↓ | |
| Fryer | ခေါက်ဆွဲကြော်ခြင်း။ |
| ↓ | |
| Cooling | ခေါက်ဆွဲကိုအအေးခံခြင်း။ |
| ↓ | |
| Metal Detecting | သတ္တုစပါဝင်မှုကိုစစ်ဆေးဖယ်ရှားခြင်း။ |
| ↓ | |
| Noodle Wrapping Machine | MFG, EXP တံဆိပ်ရိုက်ခြင်းနှင့်အိတ်ပိတ်ခြင်း။ |

## Snackထုတ်လုပ်ခြင်း

| စက်ကိရိယာ | အသုံးပြုပုံ |
|---|---|
| Mixer | Powder Mixing ပြုလုပ်ခြင်း။ |
| ↓ | |
| Snack Packing Machine | Snack packingပြုလုပ်ခြင်း။ MFG/ EXP ရိုက်နှိပ်ခြင်း။ |

နောက်ဆက်တွဲ (ခ)

## ကတိကဝတ်များ၊ စည်းကမ်းသတ်မှတ်ချက်များ နှင့် အထွေထွေစည်းကမ်းများ

### ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ လိုက်နာဆောင်ရွက်ရမည့်ကတိကဝတ်များ

၆။ စီမံကိန်းအဆိုပြုသူက ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး၏ ၂၁-၁၀-၂၀၂၂ ရက်စွဲပါ စာအမှတ်၊ ၂/၈/၇(၁၁-၀၂)(၁၉၇၂/၂၀၂၂) ဖြင့် တင်ပြခဲ့သည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင်ဖော်ပြထားသည့် ကတိကဝတ်များနှင့် အောက်ပါအလေးထားလိုက်နာရမည့် ကတိကဝတ်များကို လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်း။** စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်း၊အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့် စီမံကိန်းနှင့်သက်ဆိုင်သည့် အခြားမူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများကို လိုက်နာဆောင်ရွက်ရမည်။

(ခ) **စီမံကိန်းဆောင်ရွက်မည့်လုပ်ငန်းစဉ်။** ကုန်ထုတ်လုပ်မှုလုပ်ငန်းစဉ်မှ အသင့်စားခေါက်ဆွဲခြောက်ထုတ်လုပ်ရာတွင် Flour Mixer ဖြင့် ဂျုံနှင့် Mixing Water ကိုမွှေ၍ ဂျုံပြား၊ ခေါက်ဆွဲမျှင်ပြုလုပ်ကြောင်း၊ ရေနွေးငွေ့ဖြင့်ပေါင်းခြင်း၊ ခေါက်ဆွဲအရွယ်အစား ဖြတ်တောက်ခြင်း၊ Soup အရည် ဖြန်းပေးခြင်း၊ ခေါက်ဆွဲကြော်ခြင်း၊ ခေါက်ဆွဲကို အအေးခံခြင်း၊ သတ္တုစပါဝင်မှုကို စစ်ဆေးဖယ်ရှားခြင်း၊ Noodle Wrapping Machine ဖြင့် MFG, EXP တံဆိပ်ရိုက်ခြင်းနှင့် အိတ်ပိတ်ခြင်းတို့ဖြစ်ကြောင်း၊ မုန့်ခေါက်ဆွဲခြောက်(Snack)ထုတ်လုပ်ရာတွင် Powder Mixing ပြုလုပ်ခြင်း၊ Snack Packing ပြုလုပ်ခြင်း၊ MFG/ EXP ရိုက်နှိပ်ခြင်းတို့ဖြစ်ကြောင်း ဖော်ပြထားပါသည်။

(ဂ) လေထုအရည်အသွေးစီမံခန့်ခွဲမှု။ အောက်ပါအတိုင်း လိုက်နာဆောင်ရွက် ရမည်-

(၁) ကုန်ပစ္စည်းထုတ်လုပ်မှုနှင့် စက်ရုံတွင် အသုံးပြုသော စက်ပစ္စည်းနှင့် ယာဉ်များအား ပုံမှန်စစ်ဆေးခြင်းနှင့် ပြင်ဆင်ခြင်းများကို ပုံမှန်ပြုလုပ်ရန်၊

(၂) စက်ပစ္စည်းများအတွက် သင့်တော်သည့် လေဝင်လေထွက်စနစ်တပ်ဆင်ရန်၊

(၃) သန့်ရှင်းရေးလုပ်ဆောင်မှုများကို လိုအပ်သည့်အခါတိုင်း မကြာခဏ ပြုလုပ်ပေးရန်၊

(၄) အမှုန်အမွှားများထိန်းချုပ်ရန်အတွက် ပိုမိုထိရောက်သည့် နည်းလမ်းများကို အသုံးပြုရန်။

(ဃ) ဆူညံသံနှင့်တုန်ခါမှုစီမံခန့်ခွဲမှု။ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မီးစက်များကို ပုံမှန်ပြုပြင်ထိန်းသိမ်းမှုများ ပြုလုပ်ရန်၊

(၂) လေစုပ်ပန်ကာများကို ပုံမှန်စစ်ဆေးခြင်းများ ပြုလုပ်ရန်၊

(၃) စက်များကို အသံထွက်ရှိမှုလျော့နည်းစေရန် ပုံမှန်စစ်ဆေးခြင်းများ ပြုလုပ်ရန်။

(င) ရေအရည်အသွေးစီမံခန့်ခွဲမှု။ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စွန့်ပစ်ရေသန့်စင်သည့် စနစ်နှင့် သိုလှောင်ကန်များအား ပုံမှန်စစ်ဆေးရန်နှင့် ပြုပြင်ထိန်းသိမ်းရန်၊

(၂) စက်ရုံ၏ စွန့်ပစ်ရေပမာဏကို လျော့နည်းစေရန် စက်ပစ္စည်းများ သန့်ရှင်းရေး ပြုလုပ်ရာတွင် အသုံးပြုသော ရေပမာဏကိုချိန်ဆ အသုံးပြုခြင်းများ ဆောင်ရွက်ရန်၊

(၃) စက်ပစ္စည်းများကို သန့်ရှင်းရေးပြုလုပ်ရာတွင် ရေနှင့်ဆေးကြောခြင်း မပြုလုပ်မီ အမှိုက်များကို ဦးစွာဖယ်ရှားထားရန်၊

(၄) စည်ပင်သာယာရေးအဖွဲ့နှင့်ချိတ်ဆက်၍ မိလ္လာကန်မှ စွန့်ထုတ်မှုများကို အခါအားလျော်စွာ ဆောင်ရွက်ရန်၊

(၅) ကောင်းမွန်သည့်ရေမြောင်းစနစ်အား ထားရှိရန်။

(စ) စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှု။ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) နေ့စဉ်ထွက်ရှိသော ထွက်ရှိသော စွန့်ပစ်ပစ္စည်းများအား အမျိုးအစား ခွဲခြား စွန့်ပစ်ရန်၊

(၂) ခေါက်ဆွဲထုပ်ပိုးခြင်းမှ ထွက်ရှိလာသောပုံးခွံများနှင့် ထုပ်ပိုးအပိုင်းအစများ ကို အိတ်များအတွင်းသိမ်းဆည်း၍ စနစ်တကျစုပုံထားရန်၊

(၃) ဂျပ်ဖာပုံးများ၊ဂျုံအိတ်များနှင့် ပလတ်စတစ်အိတ်များကို ပြန်လည်အသုံးပြုရန်၊

(၄) ခေါက်ဆွဲထုတ်လုပ်ခြင်းမှ ထွက်ရှိသော ဂျုံပျက်များကို တိရစ္ဆာန်အစာအဖြစ် ပြန်လည်အသုံးပြုရန်၊

(၅) စက်ရုံဝန်ထမ်းများအား အမှိုက်အမျိုးအစား ခွဲခြားစွန့်ပစ်ခြင်းနှင့် ပတ်သက်၍ အသိပညာပေးခြင်းများဆောင်ရွက်ရန်၊

(၆) ဓာတုပစ္စည်းနှင့်လောင်စာဆီ သိုလှောင်သည့် နေရာများတွင် သတိပေး ဆိုင်းဘုတ် များ တပ်ဆင်ထားရှိရန်၊

(၇) ဘေးအန္တရာယ်ဖြစ်စေနိုင်သော စွန့်ပစ်ပစ္စည်းများကို မြေကြီးအတွင်း စိမ့်ဝင်ခြင်း(သို့မဟုတ်) မြေအောက်ရေအတွင်းစိမ့်ဝင်ခြင်းမရှိစေရေး စနစ်တကျ သိုလှောင် ထားရှိရန်။

(ဆ) လုပ်ငန်းခွင်ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေး။ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဝန်ထမ်းများအား အခြေခံကျန်းမာရေးဗဟုသုတရှိစေရန် အသိပညာပေးခြင်းများ ဆောင်ရွက်ရန်၊

(၂) စီမံကိန်းဧရိယာအတွင်း အကာအရံများ ကာရံခြင်း၊ သတိပေးဆိုင်းဘုတ်များ ကပ်ထားခြင်းတို့ ပြုလုပ်ရန်၊

(၃) ဝန်ထမ်းများအား အကာအကွယ်ပစ္စည်း PPE ဝတ်စုံများထောက်ပံ့ပေးရန်။

(ဇ) မီးဘေးလုံခြုံရေးစီမံခန့်ခွဲမှုအစီအစဉ်။ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စက်ရုံတွင်းမီးသတ်ဆေးဘူးများ၊ မီးသတ်ပိုက်ရစ်လုံးများ၊ မီးသတိပေးစနစ်တို့ စီစဉ်ဆောင်ရွက်ရန်၊

(၂) အပူချိန်လွန်ကဲနိုင်သည့် စက်ယန္တရားများ မောင်းနှင်ရာနေရာ၌ အပူချိန်တိုင်းကိရိယာများ တပ်ဆင်ဆောင်ရွက်ရန်၊

(၃) စက်ရုံအတွင်း တပ်ဆင်သွယ်တန်းထားသည့် လျှပ်စစ်မီးကြိုးများသည် အရည်အသွေး ကောင်းမွန်သည့် မီးကြိုးတို့ဖြင့် အသုံးပြုဆောင်ရွက်သွားရန်၊

(၄) ဝန်ထမ်းများအား မီးဘေးအန္တရာယ် ကာကွယ်ရေးဆိုင်ရာသင်တန်းများ စီစဉ်ဆောင်ရွက်ရန်။

(ဈ) စောင့်ကြပ်ကြည့်ရှုမည့် အစီအစဉ်နှင့်စပ်လျဉ်း၍ လုပ်ငန်းလည်ပတ်သည့်ကာလတွင် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေထုအရည်အသွေး $SO_2$၊ $NO_2$၊ $O_3$၊ $PM_{2.5}$၊ $PM_{10}$ စသည့် ပါရာမီတာများအား (၆) လလျှင် (၁) ကြိမ် တိုင်းတာရန်၊

(၂) အသံဆူညံမှုအား (၆) လလျှင် (၁)ကြိမ် တိုင်းတာရန်၊

(၃) စွန့်ပစ်ပစ္စည်းများ (လုပ်ငန်းခွင်မှထွက်ရှိသည့် စွန့်ပစ်အရည်၊ အစိုင်အခဲနှင့် အထွေထွေစွန့်ပစ်ပစ္စည်းများ)အားစက်ရုံအတွင်း အပတ်စဉ် စောင့်ကြပ်ကြည့်ရန်၊

(၄) ရေထုအရည်အသွေးအား (pH၊ Temperature၊ TDS၊ BOD၊ COD၊ Oil and Grease၊ Total Nitrogen၊ Turbidity, Conductivity, hardness, Chloride,

Manganese, Sulphate တို့ကို (၆)လလျှင် (၁)ကြိမ်စက်ရုံမှ အဝီစိရေတွင်းနှင့် စက်ရုံ၏ နောက်ဆုံးစွန့်ထုတ်သည့် ရေနုတ်မြောင်းတို့တွင် တိုင်းတာရန်၊

(၅) လုပ်ငန်းခွင်ကျန်းမာရေးအား နေ့စဉ် (လုပ်ငန်းဆောင်ရွက်နေ့စဉ် ကာလ အတွင်း) စောင့်ကြပ်ကြည့်ရှုရန်။

(ည) စောင့်ကြပ်ကြည့်ရှုမည့် အစီအစဉ်နှင့်စပ်လျဉ်း၍ လုပ်ငန်းပိတ်သိမ်းခြင်းအဆင့်တွင် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်–

(၁) ရေအရည်အသွေး $PM_{2.5}$၊ $PM_{10}$ ၊ $SO_2$၊ $NO_2$၊ $O_3$ စသည့် ပါရာမီတာများအား လုပ်ငန်းပိတ်သိမ်းသည့် ကာလအတွင်း စောင့်ကြပ်ကြည့်ရှုရန်၊

(၂) စွန့်ပစ်ပစ္စည်းထွက်ရှိမှု နှင့်စပ်လျဉ်း၍ လုပ်ငန်းပိတ်သိမ်းသည့် ကာလအတွင်း စောင့်ကြပ်ကြည့်ရှုရန်၊

(၃) လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်စဉ်က တိုင်းတာစစ်ဆေးမှုများ ပြုလုပ်ခဲ့သည့် လုပ်ငန်းစဉ်အားလုံးအပေါ် လျော့ပါးစေရေး ဆောင်ရွက်ပြီးမှသာ လုပ်ငန်းပိတ်သိမ်းခြင်း ဆောင်ရွက်ရန်။

(ဋ) **လျာထားအသုံးစရိတ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရန်နှင့် လိုလောက်မှု မရှိပါက ထပ်မံဖြည့်တင်း ဆောင်ရွက်ရမည်–

(၁) လေအရည်အသွေးစောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်အတွက် နှစ်စဉ် ရန်ပုံငွေ USD (1000) လျာထားသုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၂) အသံဆူညံမှုစောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်အတွက် နှစ်စဉ် ရန်ပုံငွေ USD (1000) လျာထားသုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၃) ရေအရည်အသွေးစောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်အတွက် နှစ်စဉ် ရန်ပုံငွေ USD (30) လျာထားသုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၄) စွန့်ပစ်ရေစီမံခန့်ခွဲမှုအတွက် နှစ်စဉ် ရန်ပုံငွေ USD (120) လျာထားသုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၅) စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအတွက် နှစ်စဉ် ရန်ပုံငွေ USD (200) လျာထားသုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၆) ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများစီမံခန့်ခွဲမှုအတွက် နှစ်စဉ် ရန်ပုံငွေ USD (100) လျာထားသုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၇) မီးဘေးအန္တရာယ်စီမံခန့်ခွဲမှုအတွက် နှစ်စဉ် ရန်ပုံငွေ USD (500) လျာထားသုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၈) အရေးပေါ်တုံ့ပြန်ရေးစီမံခန့်ခွဲမှုအတွက် နှစ်စဉ်ရန်ပုံငွေ USD (1000) လျာထား သုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်။

(ဍ) **လုပ်ငန်းပိတ်သိမ်းခြင်း။** စက်ရုံပိတ်သိမ်းခြင်းကို ဆက်စပ်ဌာနဆိုင်ရာများ၏ ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ပြီး အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ ပိတ်သိမ်း ခြင်း မဆောင်ရွက်မီ တစ်လကြိုတင်၍ ပိတ်သိမ်းမည့် အစီအစဉ်ကို တင်ပြရမည်။

**ပတ်ဝန်းကျင်နှင့်လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာလိုက်နာဆောင်ရွက်ရမည့်စည်းကမ်းသတ်မှတ်ချက်များ**

၇။ စီမံကိန်းအဆိုပြုသူသည် အတည်ပြုထားသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ ကတိကဝတ် များ၊ အထက်အပိုဒ် (၆) တွင် ဖော်ပြထားသည့် ကတိကဝတ်များအပြင် အောက်ဖော်ပြပါ စည်းကမ်း ချက်များ၊ သတ်မှတ်ချက်များကိုလည်း အပြည့်အဝ လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်ပါ စည်းကမ်းသတ်မှတ်ချက် များ။** အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းစဉ် (၂၀၁၈-၂၀၃၀)၊ မြန်မာနိုင်ငံအမျိုးသားအဆင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်(၂၀၂၀)တို့နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းအစီအစဉ်နှင့်အညီ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာ နိုင်သည့် ရေကြီးခြင်း၊ မြေပြိုခြင်း၊ လျှော်လျှပ်ခြင်း ကဲ့သို့သော ဘေးအန္တရာယ် များအတွက် အစီအမံများရေးဆွဲ၍ ကြိုတင်ပြင်ဆင် ဆောင်ရွက်ရမည်၊

(၂) စီမံကိန်းမှထွက်ရှိလာမည့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ၊ မီလ္လာအညစ်အကြေး များ၊ ဓာတုဗေဒစွန့်ပစ်ပစ္စည်းများ၊ စက်မှုလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ် ပစ္စည်းများအား စနစ်တကျစွန့်ပစ်ရန်နှင့် လဟာပြင်မီးရှို့မှုပပျောက်ရေး ဆောင်ရွက်ရမည်၊

(၃) စွန့်ပစ်ပစ္စည်းများအား သက်ဆိုင်ရာက စွန့်ပစ်ပစ္စည်းစုပုံစွန့်ပစ်ရန် သတ်မှတ် ထားသော နေရာများတွင် ဘေးအန္တရာယ်ကင်းရှင်းစွာ စွန့်ပစ်ဆောင်ရွက်ရမည်၊

(၄) စွန့်ပစ်ပစ္စည်းများအား သိမ်းဆည်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ စွန့်ပစ်ခြင်း တို့နှင့်ပတ်သက်၍ ပြန့်ကျဲထွက်ကျမှု၊ အနံ့အသက်ဆိုးများ ထွက်ရှိမှု၊ ဆူညံမှု၊ တုန်ခါမှုတို့ မရှိစေရေး လိုက်နာဆောင်ရွက်ရမည်၊

(၅) စီမံကိန်းမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းနှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ စီမံဆောင်ရွက်ထားရှိမှုကို စောင့်ကြပ်ကြည့်ရှုစစ်ဆေးနိုင်ရေးအတွက် စွန့်ပစ်ပစ္စည်းဆိုင်ရာ မှတ်တမ်းပုံစံထားရှိဆောင်ရွက်ရမည်၊

(၆) ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် စက်မှုလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအတွက် ပတ်ဝန်းကျင်နှင့်သဟဇာတ ဖြစ်စေသော စီမံခန့်ခွဲမှုစနစ်ကို တိုးမြှင့်ဆောင်ရွက်ရမည်၊

(၇) စီမံကိန်းမှထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများနှင့်ပတ်သက်၍ ထွက်ရှိမှုလျှော့ချခြင်း၊ ပြန်လည်သုံးစွဲခြင်း၊ ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်းဖြင့် စွန့်ပစ်ပစ္စည်းထွက်ရှိမှုများကို ကာကွယ်ဆောင်ရွက်ရမည်၊

(၈) စီမံကိန်းမှ ထွက်ရှိသော ချော်ခဲများနှင့်စပ်လျဉ်း၍ ဒေသခံပြည်သူများ၏ ကျန်းမာရေးနှင့် ပတ်ဝန်းကျင်ထိခိုက်မှုမဖြစ်စေရေး စီမံဆောင်ရွက်ရမည်၊

(၉) စီမံကိန်းမှထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများစီမံခန့်ခွဲမှုအတွက် အစဉ်လည်ပတ်နေသည့် ရန်ပုံငွေထားရှိဆောင်ရွက်ရမည်။

(ခ) **စံချိန်စံညွှန်းစည်းကမ်းသတ်မှတ်ချက်များ။** စံချိန်စံညွှန်း သတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စွန့်ပစ်ရေသန့်စင်စနစ်မှ စွန့်ပစ်ရေများကို အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက် အပိုဒ် ၂.၃.၁.၄ ပါ စွန့်ထုတ်အရည်အဆင့် သတ်မှတ်ချက်များပါ Parameter များ တိုင်းတာ၍ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၂) ဆူညံသံ၊အလုပ်စခန်းများ၊ မိလ္လာစနစ်များ၊ အိမ်တွင်းရေဆိုးများနှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၊ အထွေထွေလမ်းညွှန်ချက်ပါ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရမည်၊

(၃) ထုတ်လွှတ်အခိုးအငွေ့ နှင့်စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) အထွေထွေလမ်းညွှန်ချက် အပိုဒ် ၁.၁ ပါ Parameterများတိုင်းတာ၍ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၄) အနံ့စီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) အထွေထွေလမ်းညွှန်ချက် အပိုဒ် ၁.၄ ပါ Parameter များ တိုင်းတာ၍ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၅) ဆူညံသံအတွက် စီမံကိန်းဧရိယာပြင်ပရှိ အနီးဆုံးလက်ခံသည့် နေရာတွင် အခြေခံအဆင့်မှ အများဆုံးမြင့်တက်မှု ၃ dBA ထက် မကျော်လွန်စေရေး လိုက်နာဆောင်ရွက်ရမည်၊

(၆) စီမံကိန်းနှင့်ဆက်စပ်သော အခြားသက်ဆိုင်ရာ မူဝါဒ၊ ဥပဒေနှင့် သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရမည်။

(ဂ) **ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲရေးဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အလုပ်သမားများမှ တောရိုင်းတိရစ္ဆာန်များအား ဖမ်းဆီးခြင်း၊ ဝယ်ယူခြင်း၊ တရားမဝင်သစ်ခုတ်ခြင်းများမရှိစေရေး ကြပ်မတ်ဆောင်ရွက်ရမည်၊

(၂) စီမံကိန်းဆောင်ရွက်ခြင်းကြောင့် သစ်ပင်များခုတ်လှဲခြင်း၊ ရှင်းလင်းခြင်း အတွက်ကာမိစေရန် ဒေသနှင့်ကိုက်ညီသော အကြီးမြန်သစ်ပင်များအား ရှင်သန်ကြီးထွားအောင် စိုက်ပျိုးရမည်။

(ဃ) **အနံ့ စီမံခန့်ခွဲရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အနံ့ထွက်ရှိသည့်နေရာများအားနေ့စဉ်သန့်ရှင်းရေးပြုလုပ်၍ ထားရှိရန်နှင့် စီမံကိန်းဧရိယာအနီးဒေသခံများမှ အနံ့ထွက်ရှိမှုနှင့် ပတ်သက်၍ တိုင်ကြားလာပါက ချက်ချင်းတုံ့ပြန်ဆောင်ရွက်နိုင်မည့် အစီအမံများ ရေးဆွဲထားရှိဆောင်ရွက်ရန်၊

(၂) အနံ့ထွက်ရှိမှုနှင့် ပတ်သက်၍ ပြင်ပသို့ပျံ့လွင့်မှုမဖြစ်ပေါ်စေရန် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်၏ အထွေထွေလမ်းညွှန်ချက် ၁.၄ပါသတ်မှတ်ချက်နှင့်အညီ လိုက်နာ ဆောင်ရွက်ရန်။

(င) **မြေအရည်အသွေး စီမံခန့်ခွဲရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ကုန်ကြမ်းပစ္စည်းများ သိုလှောင်ထားရှိရာတွင် မြေဆီလွှာထိခိုက်မှု မရှိစေရေး စနစ်တကျ စီမံ ဆောင်ရွက်ထားရှိရန်၊

(၂) လောင်စာဆီများ ယိုဖိတ်မှု မရှိစေရေး စနစ်တကျ သိုလှောင်ထားရှိရန်။

(စ) **ရေအရည်အသွေး စီမံခန့်ခွဲရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** တစ်ဖက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းမှ ထွက်ရှိသည့် စွန့်ပစ်ရေများအား Wastewater Treatment Plant တည်ဆောက်ပြီးမှ သန့်စင်စွန့်ထုတ်ရန်၊

(၂) စပါးခွံဖွဲပြာများကို သေချာစွာသိုလှောင်၍ စိုက်ပျိုးရေးလုပ်ငန်းများတွင် မြေဩဇာအဖြစ် အသုံးပြုရန်၊

(၃) Gasifier မှ ထွက်ရှိလာသည့် အခြားစွန့်ပစ်ပစ္စည်းများအား လူနေအိမ်ရာများ နှင့်ဝေးသောနေရာများ၊ လယ်ယာစိုက်ပျိုး၍ မရသောနေရာများ/ စည်ပင်သာယာ မှ သတ်မှတ်ပေးထားသော နေရာများတွင်သာ မြေတွင်း တူးစွန့်ပစ်ရန်၊

(၄) အလုပ်သမားများ အသက်ရှူလမ်းကြောင်းအန္တရာယ်မှ ကာကွယ်နိုင်ရန် နှာခေါင်းစည်းများ တပ်ဆင်အသုံးပြုရန်၊

(၅) မီးခိုးနှင့် အနံ့ဆိုးများထွက်ရှိမှုကို ထိန်းချုပ်ရန် မီးခိုးခေါင်းတိုင်အား အမြင့်ပေ၄၀နှင့် အထက်ထားရှိရန်၊

(၆) ဘွိုင်လာ Blow Down ရေအား ရေအပူချိန်လျှော့ချရန်အတွက် Cooling Tower ကိုအသုံးပြုရန်၊

(၇) ဘွိုင်လာမှ Blow Down လွှတ်ရာတွင် Boiler အထွက်၌ ရေဖိအား ထိန်းချုပ်ရန် Cyclone Shutter ထားရှိရန်နှင့် Wet Scrubber System တပ်ဆင်ရန်၊

(၈) ရေစီးရေလာ ကောင်းမွန်စေရေးအတွက် စီမံကိန်းဧရိယာအတွင်းရှိ ရေမြောင်း များအား ပုံမှန်ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်ရန်၊

(၉) စီမံကိန်းမှထွက်ရှိသည့် စွန့်ပစ်ရေများအား အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှင့်မှု) လမ်းညွှန်ချက်များပါ သတ်မှတ်ချက်များနှင့်အညီ သန့်စင်မှုပြုလုပ်ပြီးမှ စွန့်ပစ်ရန်။

(ဆ) **ကျန်းမာရေးနှင့်လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းလုပ်ငန်းကြောင့် ထိခိုက်ခံစားရမည့် ဒေသခံများအတွက် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်ခန့်ထားခြင်း၊ ရေရှည်လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးတို့ကို ဆောင်ရွက်ပေးရန်နှင့် ဝန်ထမ်းများ၏ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်း ရေးတို့ကို တစ်နှစ်လျှင် (၂) ကြိမ် ဆောင်ရွက်ရမည်၊

(၂) ကျန်းမာရေးစစ်ဆေးပေးခြင်းအား တစ်နှစ်လျှင် (၂) ကြိမ် ဆောင်ရွက်ရန်၊ ကျန်းမာရေးစစ်ဆေးမှုမှတ်တမ်းများ ထားရှိရန်နှင့် လိုအပ်သောပြုစုကုသမှု များကို ဆောင်ရွက်ရမည်၊

(၃) ဓာတုပစ္စည်းများကိုင်တွယ်အသုံးပြုခြင်း နှင့်စပ်လျဉ်း၍ အသိပညာပေးခြင်းနှင့်သင်တန်းပေးခြင်းများ ပြုလုပ်ဆောင်ရွက်ရမည်၊

(၄) ဓာတုပစ္စည်းများထားသိုမည့် သီးသန့်အခန်းကိုစီစဉ်ခြင်းနှင့် စက်ရုံအတွင်း၌ ဘေးအန္တရာယ်ရှိကြောင်း ဖော်ပြချက်ရေးသားထားသော သတိပေးဆိုင်းဘုတ်များတပ်ဆင်ခြင်း၊ ဓာတုပစ္စည်းများအန္တရာယ်ကင်းရှင်းရေး စီမံချက်များကို ရေးဆွဲ၍ စီမံဆောင်ရွက်ရမည်။

(ဓ) **ဒေသခံများနှင့်တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းအဆိုပြုသူသည် ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးခြင်းလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည်-

(၁) ဘေးအန္တရာယ်ရှိ လုပ်ငန်းများအပါအဝင် တည်ဆောက်ရေး လုပ်ငန်းများနှင့်ဆောင်ရွက်မည့်လုပ်ငန်းများကို ဒေသခံပြည်သူများသို့ ကြိုတင်အသိပေးဆောင်ရွက်ရန်၊

(၂) တည်ဆောက်ရေးကာလအတွင်း ယာဉ်သွားလာမှု လမ်းကြောင်းများ၊ ယာဉ်သွားလာမှုကြောင့် ဖြစ်နိုင်သောအနှောင့်အယှက်များ၊ ပတ်ဝန်းကျင်သာယာမှုအပေါ် ထိခိုက်မှုများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဒေသခံများသို့ ကြိုတင်အသိပေးရန်၊

(၃) ဒေသခံပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ ပူးပေါင်းပါဝင်စေခြင်း၊ နစ်နာမှုဖြေရှင်းရေး လုပ်ငန်းစဉ်များကို လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အကောင်အထည် ဖော်ဆောင်ရွက်သွားရန်။

(ဈ) **အစီရင်ခံတင်ပြခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာစီမံခန့်ခွဲမှုအစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များ ဖြစ်ပွားပါက ဝန်ကြီးဌာနသို့ နှောင့်နှေးမှုမရှိစေဘဲ အစီရင်ခံတင်ပြရမည်-

(၁) ပစ္စည်းကိရိယာများ သို့မဟုတ် နည်းစနစ်များ မှားယွင်းအလုပ်လုပ်ခြင်း၊ ပျက်စီးခြင်း သို့မဟုတ် အလုပ်မလုပ်တော့ခြင်း၊

(၂) သိသာထင်ရှားသော ညစ်ညမ်းမှုဖြစ်ပေါ်စေခဲ့သော သို့မဟုတ် ဖြစ်ပေါ်နေစေသော သို့မဟုတ် ဖြစ်ပေါ်စေနိုင်သော မတော်တဆမှုတစ်ခု ဖြစ်ပွားခြင်း

သို့မဟုတ် ထုတ်လွှတ်မှု ကန့်သတ်တန်ဖိုးဖြင့် ထိန်းချုပ်ထားခြင်း မရှိသည့် အရာဝတ္ထုတစ်ခု ထုတ်လွှတ်ခြင်း၊

(၃) သတ်မှတ်ဖော်ပြထားသည့် ကန့်သတ်တန်ဖိုး တစ်ခုခုကို ကျော်လွန်ခြင်း၊

(၄) ပတ်ဝန်းကျင်နှင့် သက်ရှိတို့၏ကျန်းမာရေးတို့အပေါ် သိသာထင်ရှားသော ဆိုးကျိုးသက်ရောက်မှုများဖြစ်ပေါ်ခြင်း၊

(၅) စီမံကိန်းအဆိုပြုသူသည် ယင်း၏တာဝန်များပျက်ကွက်မှု သို့မဟုတ် အခြားလုပ်ငန်းများဆောင်ရွက်ရန် ပျက်ကွက်မှု သို့မဟုတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုများကို ဖြစ်နိုင်သမျှဆောလျင်စွာ ဝန်ကြီးဌာနသို့ စာဖြင့်အသိပေး တင်ပြရမည်။ ပျက်ကွက်မှုတစ်ရပ်ရပ်ကြောင့် အန္တရာယ်ဖြစ်စေနိုင်သော ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုဖြစ်လာနိုင်သည့် အကြောင်းကိစ္စရပ် သို့မဟုတ် ဝန်ကြီးဌာနက အမြန်သိရှိရန်လိုအပ်သည့် အကြောင်းကိစ္စရပ်ကို (၂၄)နာရီအတွင်း လည်းကောင်း၊ အခြားအကြောင်းကိစ္စရပ်များ အားလုံးတွင် စီမံကိန်းအဆိုပြုသူက ယင်းဖြစ်စဉ်ဖြစ်ရပ်ကို စတင်သိရှိသည့်အချိန်မှ (၇) ရက်အတွင်း လည်းကောင်း ဝန်ကြီးဌာနသို့ အသိပေးတင်ပြရမည်၊

(၆) စီမံကိန်း၏ အရွယ်အစား၊ နယ်ပယ်အတိုင်းအတာ၊ တည်နေရာ၊ အခင်းအကျင်း၊ နည်းပညာ၊ ကြိုတင်မျှော်မှန်းနိုင်သော ဆိုးကျိုးသက်ရောက်မှုကြောင့် ဖြစ်လာသည့်အန္တရာယ်၊ ထုတ်လုပ်မှုနည်းလမ်း သို့မဟုတ် ညစ်ညမ်းမှုတို့ကို တားဆီးရန်သို့မဟုတ် လျှော့ချရန် ဆောင်ရွက်မှုတို့တွင် အဓိက ပြောင်းလဲခြင်း သို့မဟုတ် တိုးချဲ့ခြင်း သို့မဟုတ် ဒုတိယ တိုးချဲ့ ဆောင်ရွက်ရန် အဆိုပြုခြင်းဖြစ်ပါက စီမံကိန်းအဆိုပြုသူသည် သတ်မှတ်ထားသော အချိန်ဇယားအတွင်း ပြောင်းလဲမှုများ၏ သတင်းအချက်အလက်များနှင့်အတူ ဝန်ကြီးဌာနသို့ တင်ပြရမည်၊

(၇) စီမံကိန်းဧရိယာအတွင်းတွင် မမျှော်လင့်သော ဘေးအန္တရာယ်များကြောင့် လည်းကောင်း၊ ပတ်ဝန်းကျင်နှင့် လူမှုရေးအခြေအနေပြောင်းလဲမှုများကြောင့် လည်းကောင်း၊ ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများအပေါ် မူတည်၍ သက်ဆိုင်ရာကဏ္ဍအလိုက် စီမံခန့်ခွဲမှုအစီအစဉ်များအား ဝန်ကြီးဌာနသို့ ပြန်လည်တင်ပြရမည်၊

(၈) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာတင်ပြရာတွင် တစ်ဖက်ပါအချက်များ ပြည့်စုံစွာ တင်ပြရမည်-

(ကက) စည်းကမ်းချက်များအားလုံးကို လိုက်နာကြောင်း သက်သေခံစာရွက်စာတမ်းအထောက်အထားများ၊

(ခ ခ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှုအတွက် တင်ပြထားသည့် အကောင်အထည်ဖော်မှုဇယားအတိုင်း ဆောင်ရွက်ရာတွင် အစီရင်ခံသည့်အချိန်အထိတိုးတက်မှု၊

(ဂ ဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ ယင်းအခက်အခဲများကို ကုစားရန် အကြံပြုချက်များနှင့် အလားတူအခက်အခဲများ၊ အနာဂတ်တွင် တွေ့ ကြုံရနိုင်မှုကို တားဆီးကာကွယ်ရန် သို့မဟုတ် ရှောင်လွှဲရန် အဆိုပြုသည့် ဆောင်ရွက်မှုများ၊

(ဃဃ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့် အကြိမ်နှင့်အမျိုးအစား၊ အဆိုပြုသည့်ကုစားမှုဆောင်ရွက်ချက်များနှင့် ကုစားမှုပြီးမြောက်ရမည့် အချိန်သတ်မှတ်ချက်များ၊

(င င) လုပ်ငန်းခွင်နှင့် လူမှုအဖွဲ့အစည်း၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်နှင့်စပ်လျဉ်း၍ ဖြစ်ပွားသော မတော်တဆမှုများနှင့် ဖြစ်စဉ်ဖြစ်ရပ်များ၊

(စ စ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ သတ်မှတ်ထားသည့် သို့မဟုတ် အခြားလိုအပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာအတိုင်းအတာနှင့် စည်းကမ်းချက်များဆိုင်ရာ အချက်အလက်များအား စောင့်ကြပ်ကြည့်ရှုမှု။

(ဈ) စီမံကိန်းအဆိုပြုသူသည် တည်ဆောက်ရေးအဆင့်လုပ်ငန်းများ ဆောင်ရွက်ပြီးနောက်တွင် စီမံကိန်း၏ လုပ်ငန်းခွင်ပြမြေပုံများ၊ လုပ်သားနေရာထိုင်ခင်းစီမံချက်များ၊ တည်ဆောက်ရေးလုပ်ငန်းကို ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း အထောက်အထားများပါဝင်သည့် စီမံကိန်း၏အပြီးသတ်လုပ်ငန်း အစီအစဉ်များကို ကနဦးတင်ပြမည့် စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့် ပူးတွဲ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရမည်။

(ည) **ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းဆောင်ရွက်မည့် နေရာဒေသများတွင် မြေပေါ်/မြေအောက်ရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်နှင့်သက်ဆိုင်သည့် အထောက်အထားများ၊ ရှေးဟောင်းဝတ္ထု

ပစ္စည်းများ၊ ရှေးဟောင်းအဆောက်အအုံများတွေ့ရှိပါက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ ချက်ချင်းဆက်သွယ် သတင်းပို့အကြောင်းကြားရမည်။

(ဌ) **လူမှုတာဝန်သိအစီအစဉ် (CSR) ဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** လူမှုတာဝန်သိ အစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများအား လက်ရှိ သို့မဟုတ် စီမံကိန်းမဆောင်ရွက်မီကာလထက် မနိမ့်ကျသော လူမှုစီးပွားရေး တည်ငြိမ်ခိုင်မာမှုရရှိသည်အထိ ဆောင်ရွက်ပေးရန်နှင့် သက်မွေးဝမ်းကျောင်း လုပ်ငန်းများ ပြန်လည်တည်ထောင်ရေးနှင့် ပြန်လည်နေရာချထားရေး အစီ အစဉ်များကို စီမံကိန်းကြောင့်ထိခိုက်ခံစားရသူများ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေး၍ လိုအပ်သလို ပံ့ပိုးနိုင်ရေး စီစဉ်ဆောင်ရွက်ရမည်၊

(၂) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ (Community Development Plan) ဆောင်ရွက် ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုး တိုးတက်ရေး စီမံကိန်း (Township Development Plans)များနှင့် ချိတ်ဆက်ဆောင်ရွက် ရန်နှင့် စီမံကိန်းအနီးရှိဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုအပ်ချက် များအား အလေးထား ပေါင်းစပ်ဆောင်ရွက်ရမည်။

(ဍ) **အများပြည်သူသိရှိနိုင်ရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းအဆိုပြုသူ သည် အတည်ပြုထားသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို စီမံကိန်းနှင့် ဆက်စပ် ပတ်သက်သူများနှင့် အများပြည်သူများသိရှိနိုင်ရေးအတွက် မြန်မာဘာသာဖြင့် ရေးသားဖော်ပြထားသော အကျဉ်းချုပ်အစီရင်ခံစာနှင့် လိုက်နာဆောင်ရွက်မည့် ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာကတိကဝတ်များအား ဖြန့်ဝေအသိပေးထုတ်ဖော် ကြေညာ ရမည်။

(ဎ) **စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်ဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** စောင့်ကြပ် ကြည့်ရှုမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည်သက်ဆိုင်ရာအခွင့်အမိန့်ရ အဖွဲ့အစည်းထံမှစာဖြင့် ခွင့်ပြုချက်ကိုလက်ခံရရှိသည့်အခါ အကြိုတည်ဆောက်ခြင်း၊ တည်ဆောက် ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်စဲခြင်း၊ လုပ်ငန်းပိတ် သိမ်းခြင်း၊လုပ်ငန်းပိတ်သိမ်းပြီးကာလဟူသည့် စီမံကိန်းအဆင့်အားလုံးတွင် ဆိုးကျိုးသက်ရောက်မှုအားလုံးအတွက် စီမံကိန်းနှင့်ဆက်စပ်ဆောင်ရွက်မှုများ

အပေါ် မိမိကိုယ်မိမိ ဘက်စုံစောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းကို လက်တွေ့ စဉ်ဆက်မပြတ် ဆောင်ရွက်ရမည့်အပြင် သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် စံချိန်စံညွှန်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းသတ်မှတ်ချက်များနှင့် အစီရင်ခံစာပါ ကတိကဝတ်များကို လိုက်နာ ဆောင်ရွက်ရမည်၊

(၂) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာ ဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ဖော်ပြထားသည့် စောင့်ကြပ် ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရန်၊ ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်း များကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရာမှ ရရှိသောရလဒ်များကို မှတ်တမ်းတင် ထိန်းသိမ်းထားရန်၊ ယင်းမှတ်တမ်းများတွင် နမူနာစုဆောင်း ရယူခြင်းနှင့် ဓာတ်ခွဲဆန်းစစ်ခြင်းရလဒ်များ၊ ကိရိယာဖြင့် တိုင်းတာချက်များ၊ ချိန်ညှိတွက် ချက်ခြင်းများ (Calibrations)၊ စစ်ဆေးခြင်းများ၊ စမ်းသပ်ခြင်းနှင့် စာရင်း ကောက်ခြင်း၊ အချက်အလက်အခြေခံအဖြစ် အသုံးပြုသည့် ဆန်းစစ်လေ့လာ မှုများစသည်တို့ ပါဝင်ရမည်။ မှတ်တမ်းများအားလုံးသည် ဖတ်ရှုနိုင်ရမည် ဖြစ်ပြီး ကြောင်းကျိုးညီညွတ်စွာဖြင့် အသုံးချနိုင်ရမည်။ ပြင်ဆင်ဖြည့်စွက်မှု များရှိပါက မူရင်းမှတ်တမ်းနှင့် ပြင်ဆင်ဖြည့်စွက်ထားသော မှတ်တမ်းနှစ်မျိုး လုံးကို ဖတ်ရှုနိုင်သည့် သို့မဟုတ် ပြန်လည်ဖော်ဆောင်ရယူနိုင်သည့် နည်းလမ်း ဖြင့်ပြင်ဆင်ဖြည့်စွက်ရန်နှင့် ဝန်ကြီးဌာနမှစာဖြင့် သီးခြားရေးသား သဘောတူ ထားခြင်း မရှိပါက မှတ်တမ်းများအားလုံးကို ထိန်းသိမ်းထားရမည်၊

(၃) စောင့်ကြပ်ကြည့်ရှုမည့်နယ်ပယ် (ရေ၊ လေ၊ ဆူညံသံ) များ၊ နည်းစနစ်များ၊ နမူနာစုဆောင်းခြင်းနှင့် ဓာတ်ခွဲစမ်းသပ်ခြင်း၊ စောင့်ကြပ်တိုင်းတာမည့် နေရာ၊ အကြိမ်အရေအတွက်၊ အချိန်ဇယားနှင့် မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်း စသည်တို့ကိုရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ (၆)လ တစ်ကြိမ်တင်ပြ ရန်နှင့် အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနသို့တင်ပြသည့်နေ့ရက်မှ (၁၀) ရက် အတွင်း ထုတ်ဖော်ကြေညာရမည်၊

(၄) အစီရင်ခံစာပါ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် တုံ့ပြန်စားပြင်ဆင်ရေးလုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လိုက်နာဆောင်ရွက်ရန်နှင့် စောင့်ကြပ်ကြည့်ရှုရေး အစီအစဉ်တွင် ဖော်ပြ

ထားသည့် ကတိကဝတ်အတိုင်း လိုက်နာ အကောင်အထည်ဖော်ဆောင်ရွက်ရမည်၊

(၅) စီမံကိန်းအဆိုပြုသူသည် စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား ဤဝန်ကြီးဌာနသို့ တင်ပြသည့် နေ့ရက်မှ (၁၀) ရက်အတွင်း အမျိုးသားလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များမှတစ်ပါး အများပြည်သူသိရှိနိုင်ရန် စီမံကိန်း၏ ဝက်ဘ်ဆိုဒ်တွင်လည်းကောင်း၊ စာကြည့်တိုက်များ၊ ပြည်သူ့ခန်းမများစသည့် အများပြည်သူစုဝေးရာနေရာများတွင်လည်းကောင်း၊ စီမံကိန်းရုံးဌာနများတွင် လည်းကောင်း အများပြည်သူသိရှိနိုင်စေရန်တင်ပြရမည်။ မည်သည့်အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်မဆို စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ၏ ဒီဂျစ်တယ်မိတ္တူကို တောင်းခံနိုင်ပြီး စီမံကိန်းအဆိုပြုသူသည် ယင်းတောင်းခံချက်ကို ရရှိပြီးနောက်(၁၀) ရက်အတွင်း ဒီဂျစ်တယ်မိတ္တူကို အီးမေးလ်ဖြင့်ဖြစ်စေ၊ တောင်းခံသူနှင့် သဘောတူညီထားသည့် အခြားနည်းလမ်းဖြင့်ဖြစ်စေ ပေးပို့ဆောင်ရွက်ရမည်၊

(၆) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းလုပ်ငန်းများ သို့မဟုတ် စီမံကိန်းနှင့်ဆက်စပ်သည့် လုပ်ငန်းများကို ဆောင်ရွက်နေသည့် စီမံကိန်းရုံး၊ စီမံကိန်းလုပ်ငန်းခွင်နေရာနှင့် အခြားမည်သည့်နေရာကိုမဆို ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းနှင့် စပ်လျဉ်း၍ ပုံမှန်အလုပ်ချိန်အတွင်း မည်သည့်အချိန်တွင်မဆို ဝင်ရောက်ကြည့်ရှုနိုင်ရေး ခွင့်ပြုရမည်၊

(၇) အရေးပေါ်အခြေအနေတစ်ရပ်ဖြစ်ပေါ်လျှင်သော်လည်းကောင်း၊ စီမံကိန်းသည် သက်ဆိုင်ရာပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သတ်မှတ်ချက်များအား ချိုးဖောက်သည် သို့မဟုတ် ချိုးဖောက်နိုင်ဖွယ်ရှိသည်ဟု ဝန်ကြီးဌာနက ထင်မြင်ယူဆလျှင်သော်လည်းကောင်း၊ ဝန်ကြီးဌာနက သတ်မှတ်သည့် မည်သည့် အချိန်တွင်မဆို စီမံကိန်းလုပ်ငန်းခွင်ရှိ မည်သည့်နေရာမဆို ချက်ချင်းဝင်ရောက်နိုင်ရေး ခွင့်ပြုရမည်၊

(၈) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနကစစ်ဆေးခြင်းကို ဆောင်ရွက်ရန် လိုအပ်သည့် ဓာတ်ပုံရိုက်ကူးခြင်း၊ အသံသွင်းခြင်း၊ ဗီဒီယိုရိုက်ကူးခြင်း၊ မြေသား၊ နုန်းအနည်အနှစ်၊ ရေနှင့် လေနမူနာများရယူခြင်းနှင့် ကွန်ပျူတာများကို စစ်ဆေးခြင်း၊ ဒီဂျစ်တယ် စာတွဲများအပါအဝင် စာရွက်စာတမ်းအထောက်အထားများကို မိတ္တူကူးခြင်း၊ လူပုဂ္ဂိုလ်များကို တွေ့ဆုံမေးမြန်းခြင်းနှင့် လိုအပ်သည်ဟု ယူဆသည့် အခြားစုံစမ်းစစ်ဆေးခြင်း အပါအဝင်

မည်သည့်နည်းလမ်းဖြင့်မဆို စစ်ဆေးဆောင်ရွက်ခြင်းကို လိုက်နာဆောင်ရွက်ရမည်၊

(ဇ) ဝန်ကြီးဌာနမှဖြစ်စေ၊ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ ပတ်ဝန်းကျင်စစ်ဆေးသည့် ကုန်ကျစရိတ်များ၊ စစ်ဆေးသူများအတွက် ကုန်ကျစရိတ်များကျခံခြင်းနှင့် ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၁၂၂ နှင့်အညီ စီမံကိန်းအဆိုပြုသူမှကျခံ ရမည်။

**သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များ**

၈။ သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များနှင့်ပတ်သက်၍ အောက်ဖော်ပြပါ အချက်တို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်သက်တမ်းသည် ထုတ်ပေးသည့်နေ့ရက်မှစ၍ (၅) နှစ်ဖြစ်သည်။ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သက်တမ်းမကုန်ဆုံးမီ (၆)လ ကြိုတင်၍သက်တမ်းတိုးရန် ဝန်ကြီးဌာနသို့ လျှောက်ထားရမည်၊

(ခ) စီမံကိန်းအဆိုပြုသူသည် သက်သေခံလက်မှတ်ရရှိပြီးပထမ(၂)နှစ်အတွင်း စီမံကိန်း၏ အကောင်အထည်ဖော်မှုကို စတင်ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ခြင်းကို စတင်ဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း(၃၀)ထက် နောက်မကျစေဘဲ ဤဦးစီးဌာနသို့ စာဖြင့်သတင်းပို့ အကြောင်းကြားရမည့်အပြင် စီမံကိန်းကို အကောင်အထည်ဖော်ရာတွင် ပါဝင်သော ဆောင်ရွက်မှုများကို သတ်မှတ်ဖော်ပြရမည်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအကောင်အထည်ဖော်မှုကို မည်သည့်အတွက်ကြောင့် စတင်နိုင်ခြင်းမရှိကြောင်းနှင့် စတင်အကောင်အထည်ဖော်နိုင်ရန် အချိန်ကာလ မည်မျှလိုအပ်ကြောင်းကို အကျိုးအကြောင်းဖော်ပြ၍ ထိုလိုအပ်သည့် ကာလအတွက် အချိန်တိုးပေးရန် တင်ပြချက်အရ ဝန်ကြီးဌာနက အချိန်တိုးပေးသည့်ကိစ္စမှတစ်ပါး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ရရှိပြီး(၂)နှစ်အတွင်း စီမံကိန်းကိုထိရောက်စွာ အကောင်အထည်ဖော်မှုအား စတင်ဆောင်ရွက်ခြင်းမပြုလျှင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အသစ်ပြုလုပ်တင်ပြ ရမည်၊

(ဃ) စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တစ်ဖက်ပါအချက်များ တွေ့ရှိရပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါစည်းကမ်းချက်များကို ဝန်ကြီးဌာနမှ ပြင်ဆင်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု

အစီအစဉ်ကို ပြန်လည်ပြင်ဆင်စေပြီး တင်ပြရန် ညွှန်ကြားပါက စီမံကိန်းအဆိုပြုသူက လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းကြောင့် အမှန်တကယ်ထိခိုက်မှု သို့မဟုတ် ထိခိုက်နိုင်မှုများကို လျှော့ချရန် ဆောင်ရွက်မှုများသည် ပြည့်စုံမှုမရှိခြင်း သို့မဟုတ် လုံလောက်မှုမရှိခြင်း၊

(၂) စီမံကိန်း၏ဆိုးကျိုးသက်ရောက်မှုများသည် မည်ကဲ့သို့ထိခိုက်မှုဖြစ်စေကြောင်း သို့မဟုတ် ဖြစ်စေနိုင်ကြောင်း သို့မဟုတ် ဖြစ်လာကြောင်း သိရှိနိုင်ရန် သတင်းအချက်အလက်သစ်များ ထွက်ပေါ်လာခြင်း၊

(၃) စီမံကိန်းသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို မူလအတည်ပြုခဲ့သည့် အချိန်မှ ကြိုတင်သိမြင်နိုင်ခြင်းမရှိသော ဆိုးကျိုးသက်ရောက် မှုများရှိခြင်း၊

(၄) စီမံကိန်း၏ဆိုးကျိုးသက်ရောက်မှုများသည် မူလပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် စည်းကမ်းချက်များထုတ်ပေးခြင်း၊ ပြင်ဆင်ခြင်း၊ တင်သွင်းခြင်းနှင့် အတည်ပြုခြင်းများအတွက် အခြေခံအချက်များထုတ်ဖော်ခဲ့စဉ်က မျှော်မှန်းထားသည့် ထိခိုက်မှုထက် ပိုမိုကြီးမားခြင်း၊

(၅) အကောင်းဆုံးရရှိနိုင်သောနည်းလမ်း အဓိပ္ပာယ်ဖွင့်ဆိုချက်အရ စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုကို ထူးခြားစွာ လျှော့ချနိုင်ခြင်း၊

(၆) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများကို စီမံကိန်းတွင် စီးပွားရေးအရ သိသိသာသာ အပိုကုန်ကျစရိတ် မဖြစ်စေဘဲ အလေ့အကျင့်ကောင်းများဖြင့် လျှော့ချနိုင်ခြင်း၊

(၇) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ထားသော နည်းလမ်းများ/ စည်းကမ်းချက်များသည် ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချရာတွင် မလိုအပ်တော့ဟု ဆုံးဖြတ်နိုင်ခြင်း။

၉။ **ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေဆိုင်ရာ စည်းကမ်းချက်များ။** ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ရန်ပုံငွေနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ ၃၀ နှင့်အညီ ညစ်ညမ်းမှု (ထုတ်လွှတ်မှု၊ စွန့်ပစ်ပစ္စည်း) ဖြစ်စေခြင်းအတွက် ပေးဆောင်ငွေများ၊ သယံဇာတအသုံးပြုမှုနှင့် ဂေဟစနစ်ဝန်ဆောင်မှုများမှ အကျိုးရရှိခြင်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေတွင် ပေးဆောင်ငွေများအဖြစ် ထည့်ဝင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် ဦးစီးဌာနက သတ်မှတ်ပါက စီမံကိန်းအဆိုပြုသူမှ ငွေကြေးထည့်ဝင်ရမည်၊

(ခ) စီမံကိန်းအဆိုပြုသူသည် ငွေရေးကြေးရေး အာမခံချက်များအားလုံးကို ဝန်ကြီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် သတ်မှတ်/ ပြင်ဆင်တောင်းခံပါက ထည့်ဝင်ရမည်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အစီရင်ခံစာတွင် ဖော်ပြထားသည့်အတိုင်း ရန်ပုံငွေ ထူထောင်ထားရှိရမည်၊

(ဃ) စီမံကိန်းအဆိုပြုသူအနေဖြင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများအတွက် ထည့်သွင်းဖော်ပြထားသည့် လျာထားအသုံးစရိတ်များနှင့် ပတ်သက်၍ သီးခြားငွေစာရင်းဖွင့်လှစ်ထားသော အထောက်အထား အချက်အလက်ဖြင့် ထည့်သွင်းဖော်ပြရမည်။

**အထွေထွေစည်းကမ်းချက်များ**

၁၀။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းဒီဇိုင်းနှင့် စီမံကိန်းလုပ်ငန်းများကို ပြင်ဆင်ရန်ရှိပါက ဝန်ကြီးဌာနသို့ ကြိုတင်အသိပေးတင်ပြရမည်။

၁၁။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ဤလက်မှတ်ပါ လုပ်ငန်းနှင့်သာ သက်ဆိုင်စေရမည်။

၁၂။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး စီမံကိန်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာဌာန၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်သည်။ စီမံကိန်းသက်တမ်းအတွင်း စစ်ဆေးမှုပြုလုပ်ချိန်တွင် ခွင့်ပြုမိန့်စာရွက်စာတမ်း အထောက်အထားများအားလုံးကို တင်ပြရမည်။

၁၃။ စီမံကိန်းပိုင်ရှင်နှင့်အဆိုပြုထားသောလွှဲပြောင်းလက်ခံသူတို့၏ ပူးပေါင်းလျှောက်ထားချက်အရ ဤသက်သေခံလက်မှတ် သို့မဟုတ် ယင်း၏အစိတ်အပိုင်းတစ်ရပ်ရပ်ကို အဆိုပြုထားသော လွှဲပြောင်းလက်ခံသူထံ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပြီးမှသာ လွှဲပြောင်းရမည်။

၁၄။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အပိုဒ် ၁၀၂ အရ စီမံကိန်းအဆိုပြုသူသည် မိမိကိုယ်တိုင်ကြောင့်ဖြစ်စေ မိမိကိုယ်စားဆောင်ရွက်ရန် ခန့်ထားခြင်း သို့မဟုတ် ငှားရမ်းခြင်း သို့မဟုတ် အခွင့်အာဏာပေးခြင်းပြုထားသည့် ကန်ထရိုက်တာ၊ လက်ခွဲဆောင်ရွက်ပေးသူ ဆပ်ကန်ထရိုက်တာ၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် သို့မဟုတ် အတိုင်ပင်ခံများ၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေ ပေါ်ပေါက်သည့် ဆိုးကျိုးသက်ရောက်မှုများ အားလုံးတို့အတွက် တာဝန်ရှိသည်။

၁၅။ စီမံကိန်းအဆိုပြုသူသည် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာမှုမရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူခြင်းခံရမည်။

---